**MASTER SET**
**OF**
**NUMBERED MULTILINGUAL SCHOOL**

**NOTICES**
**IN**
**ENGLISH**

| | |
|---|---|
| Notice No 1 | **Information regarding parent participation** |
| Notice No 2 | **Participation in Parent/Teacher interview** |
| Notice No 3 | **Special Event/ Meeting/Function** |
| Notice No 4 | **Prep intake** |
| Notice No 5 | **Student Excursion Consent Form (for excursions not requiring school council approval)** |
| Notice No 6 | **End of term** |
| Notice No 7 | **No school** |
| Notice No 8 | **Collection of EMA** |
| Notice No 9 | **Travel card** |
| Notice No 10 | **Transition** |
| Notice No 11 | **Exit from English Language School or Centre** |
| Notice No 12 | **Medical-condition** |
| Notice No 13 | **Immunisation records** |
| Notice No 14 | **Fees and levies** |
| Notice No 15 | **Student absence** |
| Notice No 16 | **Swimming Program** |
| Notice No 17 | **Meeting Request** |
| Notice No 18 | **List of items required for an excursion** |

(School letterhead/logo)

(Date/ရက်စွဲ)

မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

သင့်ကလေး၏ကျောင်းတွင် သင်တို့ ပါဝင်ဆောင်ရွက်ရန် နည်းလမ်းများစွာရှိပါသည်။ သင့်ကလေးပညာသင်ကြားရေးတွင် သင်ကူညီနိုင်သည့် နည်းလမ်းများနှင့် ပါဝင်ဆောင်ရွက်နိုင်သည်များဆိုင်ရာ အချက်အလက်များကို ကျောင်းကသင့်အား ပံ့ပိုးပေးပါမည်။ ကျောင်း၏အစီအစဉ်များဆိုင်ရာ ကဏ္ဍများတွင် ပါဝင်ရန်လည်း သင့်ကိုဖိတ်ကြားနိုင်ပါသည်။

တစ်နှစ်တာကာလပတ်လုံး ကျောင်းမှစီစဉ်သည့် အစည်းအဝေးများ၊ အခမ်းအနားများ သို့မဟုတ် အခြားပွဲလမ်းများတွင် သင်တက်ရောက်ရန် ဖိတ်ကြားပါမည်။ အချို့အစည်းအဝေးများမှာ ကျောင်းတွင် သင်ကြားနေသော သင်ရိုးညွှန်းတမ်းဆိုင်ရာ အချက်အလက်များ ပေးရန်ဖြစ်ပြီး အချို့မှာ သင့်ကလေး၏ ပညာရေးတိုးတက်မှုကို ဆွေးနွေးရန် ဖြစ်ပါသည်။

သင့်အနေနှင့် ကျောင်းကောင်စီတွင် အရွေးချယ်ခံရခြင်း၊ ကော်မီတီတစ်ခုခုတွင် ပါဝင်ခြင်း၊ သို့မဟုတ် ကျောင်း၏ အထွေထွေလုပ်ရှားမှုများ စီစဉ်ဆောင်ရွက်ရာတွင် ပါဝင်ကူညီခြင်းတို့ဖြင့် ကျောင်း၏လှုပ်ရှားမှုများတွင် ပါဝင်နိုင်ပါသည်။

**အကယ်၍သင်သည် မိဘများအသင်း သို့မဟုတ် ကျောင်းကောင်စီနှင့်ပတ်သက်ပြီး သိလိုသည့် အချက်အလက်များရှိပါက ကျေးဇူးပြု၍ ကျောင်းကို ဆက်သွယ်ပါ။**

အကယ်၍သင်သည် သင့်ကလေး သို့မဟုတ် ကျောင်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စမဆို ဆွေးနွေးရန်ရှိပါက ကျေးဇူးပြု၍ သင့်ကလေး၏ဆရာဆရာမ၊ ကျောင်းအုပ် သို့မဟုတ် ကျောင်းမှအခြား ပုဂ္ဂိုလ်များအား ဆက်သွယ်ပါ။

ထိုးမြဲလက်မှတ်..........................

ရက်စွဲ.............................

(School letterhead/logo)

မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

.........................................................................................................................................ရက်နေ့တွင် သင့်အား
(date/ရက်စွဲ)

……………………………………………………………………………………………….(name of teacher/s။ဆရာ၊ဆရာမ/များ၏အမည်)

နှင့်တွေ့ဆုံပြီး သင့်ကလေး၏ ပညာရည်တိုးတက်မှုနှင့် ကျောင်း၏အစီအစဉ်များကိုဆွေးနွေးရန် ဖိတ်ကြားအပ်ပါသည်။ ဤတွေ့ဆုံမှုကို မိဘ-ဆရာ တွေ့ဆုံဆွေးနွေးပွဲ ဟုခေါ်ပါသည်။ ဤသို့ဆွေးနွေးခြင်းဖြင့် သင့်ကလေး၏ ပညာသင်ကြားရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များဆွေးနွေးရန်၊ အချက်အလက်များ ပေးရန်နှင့် မေးလိုသည့်မေးခွန်းများ မေးရန် အခွင့်အရေးရစေပါသည်။ ပညာသင်ကြားရေးဆိုသည်မှာ မိဘများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သည်ဖြစ်ရာ ဤတွေ့ဆုံဆွေးနွေးပွဲအပေါ် သင်စိတ်ဝင်စားမှုနှင့် သင်ပါဝင်ဆွေးနွေးမှုမှာ အရေးကြီးပါသည်။

သင်နှင့်တွေ့ဆုံရန် မျှော်လင့်နေပါသည်။

ထိုးမြဲလက်မှတ် .........................................
ရက်စွဲ......................................................

------------------------------ ----------------------------------X

ကျေးဇူးပြု၍ ပုံစံ၏ ဤအပိုင်းကို **ဖြည့်စွက်ပြီး** မျဉ်းပြတ်များပြထားသည့်နေရာမှ **ဖြတ်ကာ** ....................နောက်ဆုံးထားပြီး **ပြန်ပို့ပေးပါ။**
(date/ရက်စွဲ)

မိဘ/အုပ်ထိန်းသူ၏အမည် - ……………………………………………………………………...

ကျောင်းသားကျောင်းသူ၏အမည် .................................................. Year အဆင့် - .........................................

ကျေးဇူးပြု၍ တွေ့ဆုံဆွေးနွေးရန် အဆင်အပြေဆုံးအချိန်ကို သက်ဆိုင်ရာအကွက်တွင် ✔ အမှတ်အသားပြခြင်းဖြင့် ဖော်ပြပါ။

☐............................................................ ☐ ................................................

☐............................................................ ☐ ................................................

☐............................................................ ☐ ................................................

☐............................................................ ☐ ................................................

စကားပြန်တစ်ဦး ....................................... ဘာသာဖြင့် လိုအပ်ပါသည်။
(language/ဘာသာစကားအမည်)

ထိုးမြဲလက်မှတ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
(Parent/Guardian/မိဘ/အုပ်ထိန်းသူ)

ရက်စွဲ …………………………..

(School letterhead/logo)

မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

သင်တို့ကို ကျောင်းမှ အခမ်းအနားသို့လာရန် ဖိတ်ကြားအပ်ပါသည်။ ဤသို့လာခြင်းဖြင့် သင်တို့သည် ကျောင်းအကြောင်း ပိုမိုသိရှိနားလည်မည်ဖြစ်ကာ ဆရာဆရာမများ၊ အခြားမိဘများနှင့်လည်း တွေ့ရန် အခွင့်အရေးကောင်းတစ်ခု ဖြစ်ပါမည်။

❐ ________________ အတန်းမှ ကျောင်းသားကျောင်းသူများ၏ မိဘများ/အုပ်ထိန်းသူများအတွက် အချက်အလက်များ အသိပေးသည့် ညနေခင်း တွေ့ဆုံပွဲ

❐ ကျောင်း၏ စခန်းချလေ့ကျင့်ခန်း ______________________________ အကြောင်း ဆွေးနွေးမည့် အချက်အလက်များ အသိပေးအစီအစဉ်

❐ စာသင်ကာလ/စာသင်နှစ် ပြီးဆုံးခြင်း အခမ်းအနား

❐ ကျောင်း၏ရေကူးပြိုင်ပွဲ/အားကစားပွဲတော်

❐ မိဘများ/အုပ်ထိန်းသူများအတွက် နံနက်စာ လက်ဖက်ရည်

❐ ______________________________ အတွက် အထူးအခမ်းအနား

❐ အခြားကိစ္စ ____________________________________________

ဤအခမ်းအနားကို ______________________________________________________________________________________________ တွင်

____________________________ နေ့၌ ________________ အချိန်တွင် ကျင်းပပါမည်။

❐ စကားပြန်တစ်ဦး ရှိနေပါမည်။ ❐ စကားပြန် မရနိုင်ပါ။

ကျွန်ုပ်တို့က သင်တက်ရောက်နိုင်မည်ဟုထင်ပါသည်၊ သင့်ကိုတွေ့ရန် မျှော်လင့်ပါသည်။

ထိုးမြဲလက်မှတ်..................................

ရက်စွဲ ......................................

---

ကျေးဇူးပြု၍ ပုံစံ၏ ဤအပိုင်းကို **ဖြည့်စွက်ပြီး** မျဉ်းပြတ်များပြထားသည့်နေရာမှ **ဖြတ်ကာ** .................... (Date/ရက်စွဲ) နောက်ဆုံးထားပြီး **ပြန်ပို့ပေးပါ**။

ကျွန်ုပ်....................... တက်ရောက်နိုင်ပါမည်/မတက်ရောက်နိုင်ပါ။ ကျွန်ုပ်၏ကလေးအမည်မှာ...........................ဖြစ်ပါသည်။

စကားပြန်တစ်ဦး အကူအညီ **ရနိုင်လျှင်** လိုအပ်ပါသည်။ ❐

စကားပြန်တစ်ဦး...........................ဘာသာဖြင့် လိုအပ်ပါသည်။

ထိုးမြဲလက်မှတ် .................................................. ရက်စွဲ ....................................................

(School letterhead/logo)

(Date/ရက်စွဲ)

မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ကျွန်ုပ်တို့သည်........................................... (student's name/ကျောင်းသူကျောင်းသား၏အမည်) ရှေ့လာမည့်နှစ်တွင် ကျွန်ုပ်တို့၏ကျောင်းတွင် တက်ရောက် ပညာသင်ကြားမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ သင့်ကလေး၏ဆရာဆရာမ(များ)နှင့် စာသင်နှစ်မစတင်မီ တွေ့ဆုံပြီး စကားစမြည်ပြောနိုင်ရန်အတွက် သင်တို့ ကျောင်းသို့လာပါရန် ဖိတ်ကြားအပ်ပါသည်။ သင့်ကလေးနှင့်ဆိုင်သော ကိစ္စရပ်အားလုံးနှင့် ကျောင်း၏ လှုပ်ရှားမှုများအပြင် သင့်ကလေး အောင်အောင်မြင်မြင်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ ကျောင်းစတင်နိုင်ရန် သင်နှင့်ကျောင်းမှဆရာဆရာမများ မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ဆွေးနွေးကြမည်ဖြစ်ပါသည်။

သင့်အနေနှင့် ကျောင်းသို့ ..............................(date/ရက်စွဲ) တွင် .................................(time/အချိန်) ၌ လာရောက်နိုင်မည်ဆိုပါက များစွာကျေးဇူးတင်ပါသည်။

သင့်ကလေးကို သင်နှင့်အတူ ခေါ်လာပါ။ အခြားသော မိသားစုဝင်များလည်း လာနိုင်ပါသည်။

သင့်အနေနှင့် ကျောင်းသို့ ..............................(date/ရက်စွဲ) တွင် .................................(time/အချိန်) ၌ လာရောက်နိုင်မည်ဆိုပါက များစွာကျေးဇူးတင်ပါသည်။

သင့်ကလေးကို သင်နှင့်အတူ ခေါ်လာပါ။ အခြားသော ကလေးများလည်း လာနိုင်ပါသည်။

ထိုးမြဲလက်မှတ်.........................................

ရက်စွဲ ..............................................

-------------------------------- ---------------------------------------

ကျေးဇူးပြု၍ ပုံစံ၏ ဤအပိုင်းကို **ဖြည့်စွက်ပြီး** မျဉ်းပြတ်များပြထားသည့်နေရာမှ **ဖြတ်ကာ** ..................နောက်ဆုံးထားပြီး **ပြန်ပို့ပေးပါ။**
(date/ရက်စွဲ)

မိဘ/အုပ်ထိန်းသူ၏အမည် ................................

ကျောင်းသားကျောင်းသူ၏အမည် .........................................

☐ လာနိုင်ပါသည်။

ကျွန်ုပ်သည် ကျောင်းသို့ ....................ရက်နေ့ ..............အချိန်တွင်
(date/ရက်စွဲ) (Timeအချိန်)

☐ မလာနိုင်ပါ။

စကားပြန်တစ်ဦး ................................ဘာသာဖြင့် လိုအပ်ပါသည်။
(Language/ဘာသာ)

ထိုးမြဲလက်မှတ်............................................................................................................................
(Parent/Guardian/မိဘ/အုပ်ထိန်းသူ)

ရက်စွဲ .......................................

(School letterhead/logo)

(Date/ရက်စွဲ)

**လေ့လာရေးခရီး၏ ခေါင်းစဉ် -**

---

**လေ့လာရေးခရီး သွားမည့်နေရာ -**

---

**လေ့လာရေးခရီး သွားမည့်ရက်စွဲ/များ -**

---

**ခရီးထွက်ချိန်နှင့် ပြန်လည်ရောက်ရှိချိန်များ -**

**ကျောင်းသူကျောင်းသားများသည်** ☐ဘတ်စကားဖြင့် ☐မီးရထားဖြင့် ☐ဓါတ်ရထားဖြင့် ☐ခြေလျင် **ခရီးသွားကြမည်။**

**ဆရာဆရာမ အဖွဲ့ဝင်များနှင့် ကြီးကြပ်ကွပ်ကဲမှုများ -**

**ကုန်ကျစရိတ် -**

နေ့လည်စာ -

☐ သင့်ကလေးသည် နေ့လည်စာနှင့် သောက်ရည်ကို မကွဲနိုင်သော ဘူးများအတွင်း ထည့်ယူလာသင့်သည်။
☐ ပြင်ပဗဟုသုတလေ့လာရေးခရီးတွင် နေ့လည်စာကို $..... ဖြင့် ဝယ်ယူနိုင်ပါသည်။
☐ နေ့လည်စာအတွက် ကုန်ကျငွေသည် လေ့လာရေးခရီး ကုန်ကျစရိတ်တွင် ပါဝင်ပြီးဖြစ်သည်။

**လိုအပ်သော အဝတ်အစားနှင့် ပစ္စည်းကိရိယာများ -**

**ပြင်ပ ဗဟုသုတ လေ့လာရေးခရီးစဉ်အတွင်း အရေးပေါ်ဆက်သွယ်ရမည့်သူ၊ ဆက်သွယ်ရမည့်ဖုန်းနံပတ်အသေးစိတ် -**

**အခြားအကြောင်းအရာများ -**

**အကယ်၍သင့်မှာ မေးမြန်းလိုသည်များ သို့မဟုတ် စိတ်ပူပန်ရသည်များရှိပါက ကျေးဇူးပြု၍ ..........................................ကို**

(phone number/ဖုန်းနံပတ်) **........................** တွင် ဆက်သွယ်ပါရန်။

မိဘဖြစ်သူ၏ သဘောတူခွင့်ပြုချက်

ကျွန်ုပ်သည် ကျွန်ုပ်၏သမီး/သားဖြစ်သူ (full name/အမည်အပြည့်အစုံ) ကို

ပါဝင်ရန် ခွင့်ပြုပါသည်။

မိဘ/အုပ်ထိန်းသူ (full name/ အမည်အပြည့်အစုံ)

(signature/ထိုးမြဲလက်မှတ်)

(date/ရက်စွဲ)

In case of emergency I can be contacted on:
အရေးပေါ်အခြေအနေတွင် ကျွန်ုပ်ကို အောက်ပါဖုန်းနံပါတ်တွင် ဆက်သွယ်နိုင်ပါသည်။

______________________________ OR/သို့မဟုတ်-
Phone/ဖုန်းနံပါတ်

______________________________
Phone/ဖုန်းနံပါတ်

**ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအတွက် သဘောတူခွင့်ပြုချက်**

အကယ်၍ ပြင်ပဗဟုသုတလေ့လာရေးခရီး၏ တာဝန်ခံဆရာဆရာမသည် ကျွန်ုပ်ကို ဆက်သွယ်ခြင်းမပြုနိုင်လျှင်သော်ငြား၊ သို့မဟုတ် ဆက်သွယ်ရန်မဖြစ်နိုင်လျှင်သော်ငြား၊ အောက်ဖော်ပြပါအတိုင်းဆောင်ရွက်ရန် ကျွန်ုပ်က တာဝန်ခံဆရာဆရာမကို တာဝန်လွှဲအပ်ပါသည် -

- ကျန်းမာရေးဆိုင်ရာ ဆေးကုသနေသူက ကျွန်ုပ်၏ကလေးအတွက် လိုအပ်သည်ဟု ယူဆသည့် ဆေးဝါးကုသမှုနှင့် ခွဲစိတ်ကုသမှုကို ဆောင်ရွက်ရန် သဘောတူခွင့်ပြုမှု
- တာဝန်ခံဆရာဆရာမအနေနှင့် တကယ်ပင် လိုအပ်သည်ဟု ဆုံးဖြတ်သည့် ရှေးဦးသူနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်

မိဘ/အုပ်ထိန်းသူ၏ ထိုးမြဲလက်မှတ် -

ရက်စွဲ -

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ကျောင်းသည် ..........................................................................................................................................
(day/နေ့) (date/ရက်စွဲ)

........................................နာရီတွင် စာသင်ကာလ/စာသင်နှစ် ပြီးဆုံးသည့် ကျောင်းပိတ်ရက်များအဖြစ် ပိတ်ထားမည်ဖြစ်ပါသည်။
(time/အချိန်)

ကျောင်းကို ..................... နေ့ ....................................နံနက် ............နာရီ အချိန်တွင် ပြန်ဖွင့်ပါမည်။
(day/ နေ့) (date/ရက်စွဲ) (time/အချိန်)

ထိုးမြဲလက်မှတ် .................................

ရက်စွဲ .......................................

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ကျောင်းကို ....................နေ့ ................................ရက်နေ့တွင် ပိတ်ထားပါမည်။
(day/နေ့) (date/ရက်စွဲ)

ထိုနေ့ရက်တွင် သင့်ကလေး/များကို ကျောင်းသို့ မလွှတ်ပါနှင့်။

ကျောင်းပိတ်ရခြင်းမှာ -

- ကျောင်းသားကျောင်းသူများ မလာရသသည့်နေ့ (သင်ရိုးညွှန်းတမ်းနေ့၊ ဆရာ ဆရာမများအတွက်သာ) ❑
- အများပြည်သူ ရုံးပိတ်ရက် ❑
- အခြားအကြောင်းကြောင့် ❑

ထိုးမြဲလက်မှတ်.........................................

ရက်စွဲ ..........................................

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ပညာသင်ကြားမှုစရိတ်ထောက်ပံ့ငွေ ပထမ/ဒုတိယအရစ်အတွက် ချက်လက်မှတ် ကျောင်းသို့ရောက်လာပြီဖြစ်ပါသည်။ သင်ကိုယ်တိုင် ကျောင်းသို့လာ၍ လက်မှတ်ထိုးပြီး ဤချက်လက်မှတ်ယူရန် လာစေလိုပါသည်။ သင်နှင့်အတူ ဤစာကို တပါတည်းယူလာခဲ့ပါ။

ထိုးမြဲလက်မှတ်...........................................

ရက်စွဲ .............................................

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ခရီးသွားရန် စျေးနှုန်းလျှော့ပေးသောကဒ်များသည် ကျောင်းသားကျောင်းသူများကို အများပြည်သူသုံး ခရီးသွားလုပ်ငန်းတွင် စျေးလျှော့ပေးသောနှုန်းဖြင့် ခရီးသွားစေနိုင်ပါသည်။

ကျောင်းတစ်ကျောင်းကျောင်းတွင် တက်ရောက်သင်ကြားနေသော ကျောင်းသားကျောင်းသူများသည် စျေးနှုန်းလျှော့ပေးသောကဒ်များ ရရန်အခွင့်အရေး ရှိကြပါသည်။ ကျောင်းသားကျောင်းသူများအတွက် စျေးနှုန်းလျှော့ပေးသောကဒ် လျှောက်ထားရန် မိဘများက ကျောင်းတွင်ငင်း၊ သို့မဟုတ် မီးရထား ဘူတာရုံများတွင်ငင်း ရနိုင်သော လျှောက်လွှာပုံစံကို ဖြည့်စွက်ကာ မိမိတို့ကလေး၏ ပတ်စပို့အရွယ် ဓါတ်ပုံနှစ်ပုံ ပူးတွဲလျက် လျှောက်ထားရမည်။ ဖြည့်ပြီးသော လျှောက်လွှာပုံစံနှင့် ဓါတ်ပုံများကို ကျောင်းမှတံဆိပ်နှိပ်ပြီးနောက် မီးရထားဘူတာရုံတွင် လျှောက်ထားရမည်ဖြစ်သည်။

**စျေးနှုန်းလျှော့ပေးသောကဒ်များကို ခုနစ်ရက်တစ်ပါတ်လုံး သုံးနိုင်ပါသည်။ သို့သော် သတိပြုရမည်မှာ စျေးနှုန်းလျှော့ပေးသောနှုန်းဖြင့် ဝယ်ယူသောလက်မှတ်နှင့် ခရီးသွားသူများသည် အများပြည်သူသုံး ခရီးသွားလုပ်ငန်းအားလုံးပေါ်တွင် ခရီးသွားတိုင်း တရားဝင် ဗစ်တိုးရီးယားပြည်နယ် အများပြည်သူသုံး ခရီးသွားလုပ်ငန်း (VPT) ဆိုင်ရာ ကျောင်းသားကျောင်းသူများအား ခရီးသွားရန် စျေးနှုန်းလျှော့ပေးသောကဒ် ကိုင်ဆောင်ထားရမည်ဟု တရားဥပဒေက သတ်မှတ်ထားပါသည်။ လက်မှတ်စစ်ဆေးရန် မေတ္တာရပ်ခံသည့်အချိန်တွင် တရားဝင် ကျောင်းသားကျောင်းသူများအား ခရီးသွားရန် စျေးနှုန်းလျှော့ပေးသောကဒ် မပြနိုင်ခဲ့လျှင် ဒဏ်ငွေတပ်ခြင်းခံမည်ဖြစ်ပါသည်။**

အကယ်၍ကျောင်းသားကျောင်းသူက သူတို့၏ကဒ် ပျောက်ဆုံးပါက အသစ်အစားထိုးခအနေနှင့် $ .......... ပေးဆောင်ရပါမည်။

ထိုးမြဲလက်မှတ် ......................................................

ရက်စွဲ .........................................................

**အကယ်၍သင်သည် အချက်အလက်များပိုမိုသိလိုလျှင်ငင်း၊ သို့မဟုတ် အများပြည်သူသုံး ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများအကြောင်း မေးမြန်းလိုလျှင်ငင်း၊ METLINK တွင် တယ်လီဖုန်းဖြင့် စကားပြန်ဝန်ဆောင်မှု ဖုန်းလိုင်း ရှိပါသည်။**

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

သင့်ကလေးဖြစ်သူ ………………………………………………………………သည် ရှေ့လာမည့်စာသင်နှစ်တွင်
(Name/အမည်)

အောက်ပါကျောင်းတွင် Year 7 ၌ တက်ရောက်ပညာသင်ကြားမည်ဟု ကျွန်ုပ်တို့သိရှိရပါသည်။

(School/ကျောင်း)…………………………………………………………………………………..

(Address/လိပ်စာ) ……………………………………………………………………………………

……………………………………………………………………………………………..

……………………………………………………………………………………………..

………………………………………………………………………………………………

ဖုန်းနံပါတ် - ……………………………………………………….
အကယ်၍သင့်အနေနှင့် ကျောင်းဝင်စာရင်းပေးသွင်းခြင်း၊ ကျောင်းဝတ်စုံ စသည့်အကြောင်းအရာများကို ဆွေးနွေးလိုပါက

…………………………………………………… ကို ဖုန်းနံပါတ် …………………တွင် ဆက်သွယ်နိုင်ပါသည်။
(name of contact person and position/ဆက်သွယ်ရမည့်သူအမည်နှင့် ရာထူး) (phone/ဖုန်းနံပါတ်)

ထိုးမြဲလက်မှတ်……………………………

ရက်စွဲ …………………………………

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

သင့်ကလေးဖြစ်သူ ........................................................................သည် သူ/သူမ တက်ရောက်သင်ကြားနေသော အင်္ဂလိပ်
(Name/အမည်)

ဘာသာစကားသင်တန်း ပြီးဆုံးပြီဖြစ်၍ ပုံမှန်ကျောင်း အတန်းတွင် ပါဝင်၍သင်ကြားရန် အဆင်သင့်ဖြစ်နေပါပြီ။

သူ/သူမသည်

ကျောင်းအမည် - ........................................................................................

........................................................................................

လိပ်စာ - ........................................................................................

ဆက်သွယ်ရမည့်သူအမည် - ........................................................................................

ဖုန်းနံပါတ် - ........................................................................................

တွင် တက်ရောက်သင်ကြားမည်ဖြစ်ပါသည်။

အကယ်၍သင့်အနေနှင့် မေးမြန်းလိုသည်များရှိပါက အင်္ဂလိပ် ဘာသာစကားသင်တန်းမှ

.......................................................... ကို ဖုန်းနံပါတ် ...........................တွင် ဆက်သွယ်နိုင်ပါသည်။
(Contact person/ဆက်သွယ်ရမည့်သူအမည်) (phone/ဖုန်းနံပါတ်)

ထိုးမြဲလက်မှတ်................................

ရက်စွဲ ......................................

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

အကယ်၍သင့်ကလေး  တွင် ရေရှည် ကျန်းမာရေး ချွတ်ယွင်းချက်များ  (ဥပမာ၊ ပန်းနာရင်ကြပ်၊ ဝက်ရူးပြန်၊ မတည့်သော အစာနှင့်ဆေးများ၊ ဆီးချို သာလာစီးမီးယား သွေးရောဂါ၊ သွေးမတိတ်ရောဂါ၊ သို့မဟုတ် နှလုံးရောဂါအခြေအနေတစ်ခုခု) ရှိလျှင် သူ/သူမ ကျောင်းတက်နေစဉ်ကာလအတွင်း တစ်ခုခုဖြစ်လာနိုင်ခြေလျှင်၊ကျောင်းကို မဖြစ်မနေ အသိပေးရမည်။ အချက်အလက်များအားလုံးကို လျှို့ဝှက်သိုသိပ်စွာ ထိန်းသိမ်းထားပါမည်။ ကျောင်းတွင်သောက်ရမည့် ဆေးအားလုံးကို သင့်ကလေး၏အမည်၊ သောက်ရမည့်နှုန်းနှင့် ဆေးသောက်ရမည့်အချိန်တို့ကို မှတ်သားထားရမည်။

ဆရာဆရာမနှင့် သီးခြားစီစဉ်ထားသည်များ (ဥပမာ၊ ပန်းနာရင်ကြပ်ဆေးများသည် ပုံမှန်အားဖြင့် ကျောင်းသားကျောင်းသူက သယ်ဆောင်လေ့ရှိသည်) မှလွဲလျှင် ဆေးအားလုံးကို ဆရာဆရာမထံ အပ်နှံရမည်။

နာကျင်ကိုက်ခဲမှု သက်သာပျောက်ကင်းစေသည့် ဆေးများကို မိဘများ/အုပ်ထိန်းသူများ၏ ခွင့်ပြုချက်ဖြင့်သာ တိုက်ကျွေးနိုင်သည်။

အကယ်၍သင်သည် သင့်ကလေး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး ဆွေးနွေးလိုပါက ကျေးဇူးပြု၍ ........................... ...............
(name/အမည်)
ကို....................................တွင် ရက်ချိန်းတောင်းရန် ဆက်သွယ်ပါ။
(phone/ဖုန်းနံပါတ်)

ထိုးမြဲလက်မှတ်.................................

ရက်စွဲ .......................................

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ဗစ်တိုးရီးယားပြည်နယ် မူလတန်းကျောင်းတစ်ကျောင်း တွင် ပထမဆုံးအကြိမ် ကျောင်းဝင်စာရင်းသွင်းချိန်၌ ကလေးများသည် ကာကွယ်ဆေးထိုးထားခြင်းလက်မှတ်ကို ပြသရန် လိုအပ်ပါသည်။

**၎င်းလက်မှတ်က ကျောင်းသားကျောင်းသူသည် ဆုံဆို့နာ၊ မေးခိုင်၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ပါးချိတ်ရောင်နာ၊ ဂျိုက်သိုး၊ ကြက်ညှာချောင်းဆိုးနှင့် ဟေမိုဖီးလပ်စ် တုပ်ကွေးရောဂါ အမျိုးအစား ဘီ ရောဂါများအတွက် ကာကွယ်ဆေး ထိုးပြီး၊မပြီး ဖေါ်ပြသည်။**

ကျောင်းပြောင်းရွှေ့သော ကျောင်းသားကျောင်းသူများသည်လည်း ကာကွယ်ဆေးထိုးထားခြင်းလက်မှတ်ကို ပြသရန်လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးခြင်းကို မြို့နယ် မြူနီစပယ် ကောင်စီများ၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဌာနများနှင့် ရပ်ကွက်အတွင်းမှ ဆရာဝန်များထံတွင် ပြုလုပ်နိုင်ပါသည်။

**ကာကွယ်ဆေးထိုးမထားသော ကျောင်းသားကျောင်းသူများသည်လည်း ကျောင်းတက်နိုင်ပါသည်။ အကယ်၍ကျောင်းတွင် ကူးစက်တတ်သော ရောဂါတစ်ခုခု ဖြစ်ပွားပါက ထိုကျောင်းသားကျောင်းသူများကို ကူးစက်နိုင်သည့် အန္တရာယ်မရှိတော့သည်အထိ အိမ်သို့ပြန်လွှတ်ထားပါမည်။**

အကယ်၍ သင့်ကလေးက ကာကွယ်ဆေးထိုးပြီးပြီဆိုလျှင် သင့်ကလေး ကျောင်းအပ်ရန်လာသည့်အခါ ကာကွယ်ဆေးထိုးထားခြင်း လက်မှတ်ကို သင်နှင့်အတူ တပါတည်း ယူဆောင်လာခဲ့ရန် လိုအပ်ပါသည်။

ထိုးမြဲလက်မှတ် ......................................................

ရက်စွဲ .........................................................

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ကျောင်းများ၏အစီအစဉ်များကို ပံ့ပိုးရန် ကျောင်းများသည် ပညာရေးနှင့် ရင်သွေးငယ်များ ရှေးဦးဖွံ့ဖြိုးရေးဆိုင်ရာဌာနမှ ထောက်ပံ့ငွေရရှိပါသည်။ သို့သော် ကျောင်းသုံးဖတ်စာအုပ်များ၊ စာရေးကိရိယာများ၊ လေ့လာရေးခရီးများ၊ စခန်းချလေ့ကျင့်ခန်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများ၊ ကျောင်းသားကျောင်းသူများ လက်တွေ့ပြုလုပ်ပြီး လုပ်ငန်းပြီးဆုံးသည့်အခါ အိမ်သို့ပြန်ယူသွားနိုင်သည့် သင်ရိုးညွှန်းတမ်းပါ လက်တွေ့ လုပ်ငန်းများ၏ ကြီးမြင့်လာသော ကုန်ကျစရိတ်များအတွက် မိဘများက အကုန်အကျခံရန် သို့မဟုတ် ကျောင်းသို့ကုန်ကျငွေပေးရန် မျှော်လင့်ထားပါသည်။

ယခုနှစ်အတွက် ၎င်းကိစ္စရပ်များအတွက် ကုန်ကျငွေကို $...................... ကျသင့်မည်ဟု ခန့်မှန်းထားပါသည်။

အထက်ပါကိစ္စရပ်များအပြင် ကျောင်းကောင်စီများမှလည်း ကျောင်းရန်ပုံငွေကောက်ခံခြင်းတွင်ကူညီရန် မိဘများအား မိမိတို့စေတနာအလျောက် ထည့်ဝင်ကြရန် ပုံမှန် တောင်းခံလေ့ရှိကြပါသည်။

ယခုနှစ်အတွက် မိဘများကို မေတ္တာရပ်ခံငွေမှာ $................................ ဖြစ်ပါသည်။ ၎င်းကို မိမိဆန္ဒရှိမှပေးရန်ဖြစ်ပါသည်။

ကျောင်းအနေနှင့် ငွေကြေးဆိုင်ရာအကူအညီနှင့်ပတ်သက်ပြီးမိဘများကိုအကြံဉာဏ်များပေးနိုင်ပါသည်။ အကယ်၍ သင်သည် ငွေပေးချေနိုင်သော အခြားနည်းလမ်းများအကြောင်း ဆွေးနွေးလိုပါက ကျောင်းကိုကျေးဇူးပြု၍ ဆက်သွယ်ပါ။
.

ထိုးမြဲလက်မှတ် ....................................

ရက်စွဲ....................................

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ကျွန်ုပ်တို့အနေနှင့် …………………………………..(student's name/ကျောင်းသားကျောင်းသူအမည်) Year………..သည်

ကျောင်းမှ ……………………………………………………..…………………………….. နှင့်
(day/s and date/s / နေ့/များနှင့် ရက်နေ့/များ)
………………………………………………….....................…. များတွင် ကျောင်းလာရန် ပျက်ကွက်သဖြင့် စိတ်ပူပန်ရပါသည်။
(day/s and date/s / trx here)

ကျေးဇူးပြု၍ အောက်တွင်ပါရှိသောအပိုင်းတွင် မည်သည့်အတွက်ကြောင့် သူ/သူမ ကျောင်းပျက်ရခြင်း/များ ဖြစ်ရသည်ကို ဖော်ပြပြီး ကျောင်းသို့ ဆောလျှင်စွာ ပြန်ပို့ပေးပါ။

အကယ်၍သင့်သား/သမီးသည် သင့်ခွင့်ပြုချက်မရဘဲ ကျောင်းပျက်ကွက်ခဲ့သည်ဆိုပါက ထိုကိစ္စကို ဆက်လက်ဆွေးနွေးရန်အတွက် ကျေးဇူးပြု၍ ကျောင်းကို ဆက်သွယ်ပါ။

ထိုးမြဲလက်မှတ်……………………………………… ရက်စွဲ………………………………………

---

ကျေးဇူးပြု၍ ဤပုံစံကို **ဖြည့်စွက်ပြီး** မျဉ်းပြတ်များပြထားသည့်နေရာမှ **ဖြတ်ကာ** အမြန်ဆုံး **ပြန်ပို့ပေးပါ။**

ကျွန်ုပ်၏သား/သမီးဖြစ်သူ ..................................................................................သည် ဖော်ပြပါနေ့ရက်/များ
(student's name/ကျောင်းသားကျောင်းသူအမည်)

...........................................................................................................................တွင် ကျောင်းပျက်ခဲ့သည်မှာ
(day/s and date/s / နေ့/များနှင့်ရက်စွဲ/များ)

ဖော်ပြပါအကြောင်းများကြောင့် ဖြစ်ပါသည် -

❒ ဖျားနာခြင်း ❒ ဆရာဝန်နှင့်တွေ့ခြင်း ❒ သွားဆရာဝန်နှင့်တွေ့ခြင်း

❒ မိသားစုကိစ္စ ❒ ကျွန်ုပ်၏ခွင့်ပြုချက် **မပါရှိဘဲ** ပျက်ကွက်ခြင်း

❒ အခြားအကြောင်းကြောင့် (အသေးစိတ်ဖော်ပြပါ) ...................................................................................

ထိုးမြဲလက်မှတ် ................................................ ရက်စွဲ……………………………………………
(Parent/Guardian/မိဘ/အုပ်ထိန်းသူ)

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော မိဘများ/အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

ကျောင်း၏ရေကူးအစီအစဉ်ကို (နေရာ) .......................................................................................................... ....

…………………………………………………………………………………(address/လိပ်စာ) တွင်

..............................................................................................နေ့/များ၌……………………….အတွင်း ပြုလုပ်ပါမည်။
(dates/ရက်စွဲများ) (times/အချိန်/များ)

ကျောင်း၏ရေကူးအစီအစဉ်မှာ ကျောင်းသားကျောင်းသူ အားလုံးအတွက်ဖြစ်ပါသည်။

ကျောင်းသားကျောင်းသူများကို သူတို့၏ဆရာဆရာမများက လိုက်ပါကြီးကြပ်ပြီး လေ့ကျင့်သင်ကြားထားသော ရေကူးနည်းပြဖြစ်သူက အဖွဲ့ငယ်လေးများဖွဲ့ကာ သင်ကြားပေးပါသည်။

ကျေးဇူးပြုပြီး သင့်သား/သမီးဖြစ်သူအတွက် သိသင့်သောအကြောင်းအချက်အားလုံး ဥပမာ၊ ကျန်းမာရေးအခြေအနေ စသည်ကို သူ့/သူမ၏ ဆရာဆရာမထံ အသိပေးပါ။

ကျောင်းသားကျောင်းသူသည် သင်တန်းအချိန်တိုင်း အောက်ဖော်ပြပါပစ္စည်းများကို ယူဆောင်လာရန်လိုအပ်ပါသည် -

- ☐ ရေကူးဝတ်စုံ
- ☐ မျက်နှာသုတ်ပုဝါအကြီး
- ☐ ရေကူးလျှင်ဆောင်းသောဦးထုပ် (ဝတ်ချင်လျှင်)
- ☐ ရေကာမျက်မှန် (ဝတ်ချင်လျှင်)
- ☐ သက်တောင့်သက်သာရှိမည့်အဝတ်အစား ဥပမာ၊ အားကစားဝတ်စုံ

ရေကူးအစီအစဉ်သည် တစ်ချိန်လျှင် $.................................... ကုန်ကျမည်။ (စုစုပေါင်း $ ...........................ဖြစ်သည်။)

...............................................................................ထိုးမြဲလက်မှတ်

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ကျေးဇူးပြု၍ ပုံစံ၏ ဤအပိုင်းကို **ဖြည့်စွက်ပြီး** မျဉ်းပြတ်များပြထားသည့်နေရာမှ **ဖြတ်ကာ** ....................နောက်ဆုံးထားပြီး **ပြန်ပို့ပေးပါ။**
(date/ရက်စွဲ)

ကျွန်ုပ်သည်________________________________________, Year အတန်း................
(student's name/ကျောင်းသားကျောင်းသူအမည်)
ကို ကျောင်း၏ ရေကူးအစီအစဉ်တွင် ပါဝင်ရန် ခွင့်ပြုသည်/မပြုပါ။

☐ ကျွန်ုပ်သည် သင်တန်းတစ်ချိန်စီအတွက် တစ်ခါလျှင် $ ပေးလိုပါသည်။
**သို့မဟုတ်**

☐ ကျွန်ုပ် ရေကူးအစီအစဉ်တစ်ခုလုံးအတွက် ပေးလိုပါသည်။ ပူးတွဲပါ $ ထည့်ထားပါသည်။

သင်က အခြားနည်းလမ်းများဖြင့်ငွေပေးချေရန် ဆွေးနွေးလိုပါက ကျောင်းကိုဆက်သွယ်ပါ။

ထိုးမြဲလက်မှတ်……………………….
(Parent/Guardian / မိဘ/အုပ်ထိန်းသူ)

ရက်စွဲ ……………………….

(School letterhead/logo)

(Date/ရက်စွဲ)

လေးစားအပ်သော ……………………………………………..,

ကျွန်ုပ်အနေနှင့် သင့်အား ဖော်ပြပါအကြောင်းကြောင့် ကျောင်းသို့လာရန် ဖိတ်ကြားလိုပါသည် -

❒ သင့်ကလေး၏ ကျောင်းအစီရင်ခံစာနှင့်ပတ်သက်ပြီး ဆွေးနွေးရန်

❒ သင့်ကလေး၏ ပညာရည်တိုးတက်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးရန်

❒ သင့်ကလေး၏ ကျောင်းပျက်ကွက်ခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးရန်

ကျေးဇူးပြု၍ကျောင်းသို့ _________________________ ရက်နေ့ ___________________ အချိန်တွင်

လာရောက်၍__________________________________________________________နှင့်တွေ့ဆုံပါရန်။

အကယ်၍လိုအပ်ပါက စကားပြန်တစ်ဦး ခေါ်ထားပေးပါမည်။

သင်လာနိုင်မည်ဟု မျှော်လင့်ပါသည်။ အကယ်၍ ယခုတစ်ကြိမ်တွင် သင်မလာနိုင်သည့်အတွက် နောက်တချိန် စီစဉ်ပေးစေလိုပါက ကျောင်းသို့ ဖုန်းနံပါတ် ……………. တွင် ဆက်သွယ်ပါရန်။

ထိုးမြဲလက်မှတ်……………………………

ရက်စွဲ………………………………..

---

ကျေးဇူးပြု၍ ပုံစံ၏ ဤအပိုင်းကို **ဖြည့်စွက်ပြီး** မျဉ်းပြတ်များပြထားသည့်နေရာမှ **ဖြတ်ကာ** ………… (Date/ရက်စွဲ) နောက်ဆုံးထား၍ ကျောင်းသို့ **ပြန်ပို့ပေးပါ။**

ကျွန်ုပ် ………………….. လာနိုင်ပါမည်/မလာနိုင်ပါ။ ကျွန်ုပ်ကလေး၏အမည်မှာ ………………………ဖြစ်ပါသည်။

စကားပြန်တစ်ဦး **ရနိုင်ပါက** လိုအပ်ပါသည် ❒ စကားပြန် မလိုအပ်ပါ။ ❒

စကားပြန်ကို ………………………………ဘာသာဖြင့် လိုအပ်ပါသည်။

ထိုးမြဲလက်မှတ် ………………………………………….

ရက်စွဲ ………………………………….

ကျောင်းသားကျောင်းသူများသည် အောက်ဘက်တွင် ✓အမှတ်အသားပြထားသည့် ပစ္စည်းများကို စခန်းချရာသို့ မိမိတို့နှင့် တပါတည်း ယူဆောင်လာရမည်။
ပစ္စည်းအားလုံးတွင် ကျောင်းသားကျောင်းသူ၏အမည်ကို မှတ်သားထားရမည်။

**၁. အိပ်စက်ခြင်း**

☐ စောင် ☐ စခန်းချရာမှာသုံးသည့် လူတစ်ယောက်ဝင်အိပ်နိုင်သော အိတ် ☐ ခြေညှပ်ဖိနပ်များ

☐ ခေါင်းအုံးအသေး ☐ အိပ်ရာဝင်ဘောင်းဘီ ☐ လေမွေ့ရာ

☐ အိပ်ရန်အခင်း

**၂. နေ့ဘက်ဝတ်ဆင်ရန် အဝတ်အစား**

☐ ဂျင်းဘောင်းဘီ/ဘောင်းဘီရှည် ☐ နေရောင်ကာဦးထုပ် ☐ အနွေးဦးထုပ်

☐ ဘောင်းဘီတိုများ ☐ ပုဝါ ☐ မိုးကာဦးထုပ်

☐ ရှပ်အင်္ကျီများ ☐ ခြေအိတ်များ ☐ လက်အိတ်များ သို့မဟုတ် လက်နှစ်ကန့်အနွေးလက်အိတ်

☐ အတွင်းခံဘောင်းဘီများ ☐ အနွေးထည်များ ☐ သိုးမွေးထည်များ

☐ အနွေးအင်္ကျီလက်ရှည်များ သို့မဟုတ် အတွင်းခံ အနွေးအင်္ကျီများ ☐ အတွင်းခံ အနွေးထည်များ

☐ လေခံခေါင်းစွပ်ပါ အနွေးအင်္ကျီ သို့မဟုတ် မိုးကာအင်္ကျီ ☐ စွတ်ဖားဖိနပ်များ ☐ ရာဘာလည်ရှည်ဖိနပ်များ

☐ လမ်းလျှောက်လျှင်စီးသောဖိနပ်များ ☐ ကြိုးကွင်းဖိနပ်များ ☐ သားရေခြေညှပ်ဖိနပ်များ

☐ ရေကူးဝတ်စုံများ

**၃. တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများ**

☐ မျက်နှာသုတ်ပုဝါ ☐ နေပူခံလိမ်းဆေး ☐ ဘီး

☐ ပိုးမွှားမလာရန် လိမ်းဆေး/ဖြန်းဆေး ☐ စက္ကူပါးလက်သုတ်ပုဝါ သို့မဟုတ် လက်ကိုင်ပုဝါ

☐ ခေါင်းလျှော်ရည် ☐ ဆပ်ပြာ ☐ ရေဘူး

☐ ကိုယ်တိုင်သုံး ဆေးပစ္စည်းများ

**၄. အစားအသောက်**

☐ ပန်းကန် ☐ ဇလုံ ☐ ခွက်/မတ်ခွက်

☐ ဓား၊ ခက်ရင်း၊ ဇွန်း ☐ လက်သုတ်ပုဝါ

**၅. အခြား ပစ္စည်းများ**

☐ လေ့ကျင့်ခန်းစာအုပ်/မှတ်စုစာအုပ် ☐ ဘောပင်နှင့်ခဲတံများ ☐ ကင်မရာ

☐ အဝတ်ဟောင်းများထည့်ရန် ပလတ်စတစ်အိတ် ☐ လက်နှိပ်ဓါတ်မီးနှင့် ဓါတ်ခဲများ

☐ တံဆိပ်ခေါင်းကပ်ပြီး၊ လိပ်စာတပ်ပြီးသား စာအိတ်များ

၆. **အသုံးပြုရန်ငွေ** - $......... ထက်မပိုရပါ။